ရှေ့ပြေးအသံ

# ဒီမိုကရေစီပဟေဠိ အဖြေညှိရန် နောက်ထပ်ပုဒ်စာတစ်ပုဒ်

## မြန်မာနိုင်ငံအုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံအား မဖြစ်မနေပြုပြင်ပြောင်းလဲရန်လိုအပ်

## နိဒါန်း

ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှုနှင့်တကွ ပြောင်းလဲချိန်တန်ပြီဟူသည့် မဏ္ဍန်အောက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိခဲ့ပါသည်။ ဤကဲ့သို့ NLD အပေါ် တစ်ခဲနက် လူထုထောက်ခံမှု အခင်းအကျင်းက မြန်မာနိုင်ငံပြည်သူလူထုအနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆီသို့ ရှေ့ရှုသည့် တိုးတက်မှုအပေါ် အပြည့်အဝယုံကြည်အပ်နှင်းထားမှုကို ပြသလိုက်ခြင်းဖြစ်ပါသည်။ သို့ရာတွင် NLD ဦးဆောင်သည့်အစိုးရအတွက် ကြီးမားသည့် စိန်ခေါ်မှုကြီးတစ်ခုမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) ၏ ကျေးရွာအဆင့်အထိ ကျယ်ပြန့်စွာချုပ်ကိုင်ထားသည့် နေ့တဓူဝအုပ်ချုပ်မှုအပါအဝင် တိုင်းပြည်အုပ်ချုပ်မှုယန္တရားနှင့် အဖွဲ့အစည်းများအပေါ် မြန်မာစစ်တပ်၏ ကြီးမားသည့် ဩဇာလွှမ်းမိုးမှုကို တဖြည်းဖြည်းချင်း ဖယ်ရှားရသည့် လုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။ ထို့အတွက် ဤစာတမ်းတိုမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပေါ် ခြုံငုံသုံးသပ်မှုနှင့်အတူ အုပ်ချုပ်ရေးကဏ္ဍအပေါ် ထိန်းချုပ်ထားမှုကို မြန်မာ့တပ်မတော်ထံမှ ပြန်လည်လွှဲပြောင်းရယူရန်မှာ မြန်မာနိုင်ငံအနာဂတ်အတွက် မည်မျှအရေးကြီးသည့်အကြောင်းကို ခွဲခြမ်းစိတ်ဖြာ တင်ပြထားပါသည်။

ချီးမွမ်းမှုများစွာ ရရှိထားသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖော်ပြချက်များရှိသော်လည်း မြန်မာစစ်တပ်မှာ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးအာဏာကို အခိုင်အမာချုပ်ကိုင်ထားနိုင်မှုအပေါ် ကျေနပ်သဘောကျနေဆဲ ဖြစ်ပါသည်။ အသိသာဆုံးမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် တပ်မတော်သားကိုယ်စားလှယ် ၂၅% ပါဝင်ခွင့်ကို အာမခံပေးထားမှုဖြစ်ပါသည်။[1] ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ် ၇၅% ကျော်၏ထောက်ခံမှုရရှိရန်လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲမှုပြုလုပ်ကာ ၎င်းတို့၏အာဏာအား ဆန့်ကျင်အားပြိုင်ရန် ကြိုးပမ်းမှုတိုင်းကိုတားဆီးရန် တရားဝင်မဟုတ်သည့် ဗီတိုအာဏာကို စစ်တပ်မှရရှိထားပါသည်။ ၎င်းအပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက စစ်တပ်အား ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ဒေသရေးရာ အပါ အဝင် အဓိကကျသည့် ဝန်ကြီးဌာနများ ထိန်းချုပ်ပိုင်ခွင့်ကိုလည်း ပေးအပ်ထားပါသည်။

[1] Constitution of the Republic of the Union of Myanmar (2008).

## မြန်မာစစ်တပ်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပေါ် လုပ်ရိုးလုပ်စဉ်မဟုတ်ဘဲ ဒီမိုကရေစီနှင့် မကိုက်ညီသည့် ထိန်းချုပ်မှုသည် စစ်မှန်သည့် ဒီမိုကရေစီ အစိုးရတစ်ရပ်အောက်တွင် စစ်တပ်တစ်တပ်မှ သမားရိုးကျဆောင်ရွက်ရမည့် တာဝန်၏ပြင်ပတွင် ကျရောက်နေပါသည်။



အထိန်းသိမ်းခံကျောင်းသားများကို ခရိုင်အကျဉ်းထောင်မှ တရားရုံးသို့ အချုပ်ကားများဖြင့် ခေါ်ဆောင်လာစဉ်

*Copyright: Shayna Bauchner/Human Rights Watch*

စစ်တပ်ဩဇာ ကျယ်ပြန့်ထိရောက်စွာ လွှမ်းမိုးမှု၏ အခရာကျသော သာဓကတစ်ခုမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် ဖွဲ့စည်းထားရှိသည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက နိုင်ငံ၏အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကို ဦးစီးချုပ်ကိုင်ထားပါသည်။ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်များအပေါ် ကြီးမားသည့်အာဏာကို ရယူထားသလို ကျေးရွာအုပ်စုအဆင့် စီမံအုပ်ချုပ်မှုတွင်လည်း အဓိကအခန်းကဏ္ဍမှ ချုပ်ကိုင်ထားပါသည်။[2] ပြည်ထဲရေးဝန်ကြီးအား စစ်တပ်မှ ရွေးချယ်ခန့်အပ်သဖြင့် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင်ရှိနေသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ မြန်မာစစ်တပ်၏ တိုက်ရိုက်ချုပ်ကိုင်မှုအောက်တွင် ရှိနေပြီး စစ်တပ်အပေါ် တာဝန်ခံထားရပါသည်။[3]

မြန်မာစစ်တပ်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပေါ် လုပ်ရိုးလုပ်စဉ်မဟုတ်ဘဲ ဒီမိုကရေစီနှင့်မကိုက်ညီသည့် ထိန်းချုပ်မှုသည် စစ်မှန်သည့် ဒီမိုကရေစီအစိုးရတစ်ရပ်အောက်တွင် စစ်တပ်တစ်တပ်မှ သမားရိုးကျဆောင်ရွက်ရမည့် တာဝန်၏ပြင်ပတွင် ကျရောက်နေပါသည်။ NLD အနေဖြင့် ၎င်း၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအား ချောမွေ့အောင်မြင်စွာ ရှေ့ဆက်နိုင်လိုသည်ဆိုပါက နိုင်ငံ၏ အုပ်ချုပ်ရေးဆိုင်ရာ အဆင့်တိုင်းတွင် သက်ရောက်မှုရှိနေသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကျယ်ပြန့်သည့် အုပ်ချုပ်ရေးလုပ်ငန်း ဆောင်တာများအား အရပ်ဘက်အုပ်ချုပ်မှုအောက်တွင် ထားရှိရမည် ဖြစ်ပါသည်။

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဆိုသည်မှာ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဗိုလ်ချုပ်ကြီးနေဝင်း အစိုးရလက်ထက် ၁၉၇၂ ခုနစ်က ပထမဆုံး တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏လက်ရှိဖွဲ့စည်းပုံမှာမူ ၁၉၈၈ ခုနှစ် စစ်တပ်အာဏာသိမ်းမှု နောက်ပိုင်းတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (SLORC) က အုပ်ချုပ်ရေးပိုင်းပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သည့် အချိန်မှစပြီး လူပ်ရှားအသက်ဝင်လာခြင်းဖြစ်ပါသည်။[4] ဦးနေဝင်း၏ စစ်အစိုးရလက်အောက် ဗဟိုထိန်းချုပ်မှု လမ်းကြောင်းအတိုင်း လုပ်ဆောင်ရင်း ၁၉၈၈ နောက်ပိုင်းတွင်မူ စစ်တပ်အရာရှိများ ဦးဆောင်သည့် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ ဖွဲ့စည်းကာ နိုင်ငံအုပ်ချုပ်ရေးအဆင့်တိုင်းတွင် အုပ်ချုပ်ရေးဆိုင်ရာ ဦးဆောင်မှုပေးနိုင်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့ပါသည်။[5] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏အဆိုအရ ဦးစီးဌာန၏ အဓိကဦးတည်ချက် (၄) ရပ်မှာ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံအေးချမ်းတည်ငြိမ်ရေးတို့ကို ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအကျိုးစီးပွားတို့နှင့် အတူယှဉ်တွဲဆောင်ရွက်ရန် ဖြစ်သည်ဟု ဆိုပါသည်။[6]

[2] Hamish Nixon, Cindy Joelene, Kyi Pyar Chit Saw, Thet Aung Lynn, and Matthew Arnold, “State and Region Governments in Myanmar,” *The Asia Foundation and Myanmar Development Resource Institute - Centre for Economic and Social Development*, September 2013. https://asiafoundation.org/resources/pdfs/State-andRegionGovernmentsinMyanmarCESDTAF.PDF (accessed 13 December, 2016).

[3] Ibid.

[4] Kyi Pyar Chit Saw and Matthew Arnold. “Administering the State in Myanmar; An Overview of the General Administration Department,” *The Asia Foundation and Myanmar Development Resource Institute - Centre for Economic and Social Development*, October, 2014. https://asiafoundation.org/resources/pdfs/GADEnglish.pdf (accessed 13 December, 2016).

[5] Nixon et al, “State and Region Governments.”

[6] GAD Objective and Motto, GAD, http://www.gad.gov.mm/en/objective-and-motto (accessed 6 January, 2017)



၂၀၁၁ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ငလျင်ဒဏ်သင့်သည့် တာလေမြို့သို့ မြန်မာစစ်သားများမှ လက်နက်များကိုင်ဆောင်ချီတက်နေပုံ
*Copyright: Reuters/Soe Zeya Tun*

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏ ဘဏ္ဍာရေးဆိုင်ရာစီမံကွပ်ကဲမှုများနှင့် အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ ကိစ္စများအပေါ်တွင်လည်း များစွာပါဝင်ပတ်သက်ဩဇာလွှမ်းမိုးမှုရှိနေပါသည်။**

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက လူထုအုပ်ချုပ်ရေးလုပ်ငန်းဆောင်တာများမှတစ်ဆင့် အစိုးရလုံခြုံရေးအစီအမံများကို အထောက်အပံ့ပြုပြီး ဒေသတွင်းနှင့် ဒေသဆိုင်ရာလူထုလှုပ်ရှားမှုများ၊ လုံခြုံရေးဆိုင်ရာကိစ္စများနှင့် အခြားဆက်စပ်အကြောင်းအရာများအပေါ် စောင့်ကြည့်ထောက်လှမ်း စုံစမ်းမှုများအား ထောက်ကူဆောင်ရွက်ပေးပါသည်။[7] ဦးစီးဌာနတစ်ခုအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ပေးရုံသာမက မြန်မာနိုင်ငံအုပ်ချုပ်ရေး ဖွဲ့စည်းတည်ဆောက်ပုံ၏ အခြေခံအဆင့်များဖြစ်သည့် ခရိုင်နှင့် မြို့နယ်အဆင့်များတွင်လည်း တိုက်ရိုက်ထိန်းချုပ် ဆောင်ရွက်ပါသည်။[8]

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစဉ်အလာအခန်းကဏ္ဍအရ ဗဟိုချုပ်ကိုင်မှုလုပ်ထားသည့် ပြည်ထောင်စုအဆင့် ဌာနခွဲ (၇) ခုမှ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးလုပ်ငန်းဆောင်တာများကို တိုက်ရိုက်ညွှန်ကြားဆောင်ရွက်သလို ကျေးရွာအုပ်စုနှင့် ရပ်ကွက်အဆင့် အုပ်ချုပ်ရေးရုံးပေါင်း ၁၆,၇၀၀ ကျော်ကိုလည်း ကြီးကြပ်ပေးပါသည်။ အဆိုပါလုပ်ငန်းဆောင်တာများမှ အဓိကလုပ်ငန်းအချို့မှာ မြေယာအုပ်ချုပ်မှု၊ အခွန်စည်းကြပ်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် အသင်းအဖွဲ့များ ဖွဲ့စည်းမှတ်ပုံတင်ရေးတို့ကို လုပ်ဆောင်ပေးပါသည်။[9]

[7] Chit Saw and Arnold, "Administering the State in Myanmar."
[8] Ibid.
[9] Ibid.

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များအတွက် အုပ်ချုပ်မှုဆိုင်ရာ ကျောထောက်နောက်ခံပေးခြင်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များကို ကူညီဆောင်ရွက်မှုများ လုပ်ဆောင်ပေးပါသည်။[10] ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များနှင့် ဝန်ကြီးချုပ်များ၏အုပ်ချုပ်ရေးဆိုင်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပေါ် မှီခိုနေရမှုအရ ပြည်နယ်နှင့် တိုင်းဒေသကြီး စီးပွားရေးမူဝါဒများနှင့် ဥပဒေမူကြမ်းတို့ လားရာတို့အပေါ်တွင်သာမက အခြားရေးရာကိစ္စများတွင်ပါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဩဇာလွှမ်းမိုးမှုနှင့် ကြီးကြပ်မှု ရရှိထားပါသည်။[11] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ ဘဏ္ဍာရေးဆိုင်ရာ စီမံကွပ်ကဲမှုများနှင့် အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ ကိစ္စများအပေါ်တွင်လည်း များစွာပါဝင်ပတ်သက် ဩဇာလွှမ်းမိုးမှုရှိနေပါသည်။

နောက်ဆုံးတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများနှင့် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဆင့်များကြားတွင် ကြားခံပါဝင်ဆောင်ရွက်ပေးခွင့်ကိုလည်း ရရှိထားပါသည်။ ဤနေရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏အဓိကအခန်းကဏ္ဍမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများနှင့် မြို့နယ်အဆင့်များအကြား ဆက်သွယ်ရေးနှင့် အချိန်နှင့်တစ်ပြေးညီ ဖြစ်ရေးတို့ကိုလည်း အဆင်ပြေချောမွေ့အောင် လုပ်ဆောင်ပေးရခြင်း ဖြစ်ပါသည်။[12] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နိုင်ငံ၏မြို့တော်ဖြစ်သည့် နေပြည်တော် အုပ်ချုပ်ရေးလုပ်ငန်း ဆောင်တာများအတွက်လည်း တာဝန်ရှိနေပါသည်။

## ပြုပြင်ပြောင်းလဲရေးအတွက်တွန်းအားတစ်ခု

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုအဆင့်တိုင်းတွင် မြန်မာနိုင်ငံအစိုးရဌာနများ၏ အုပ်ချုပ်မှုမှတစ်ဆင့် အလုံးစုံကျယ်ကျယ်ပြန့်ပြန့် ဩဇာအာဏာရှိနေရန် လုပ်ဆောင်ထားပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြန်မာစစ်တပ်ကိုသာ တာဝန်ခံရပြီး လွှတ်တော်နှင့် ပြည်သူလူထုအား တာဝန်ခံစရာမလိုသည့် အချက်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ပြဿနာတစ်ခု ဖြစ်နေပါသည်။ ဥပမာအားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမြင့်ဆုံးရုံးမှာ မူသဘောအရ ဗဟိုအစိုးရခန့်အပ်သည့်ဝန်ကြီးချုပ် ကွပ်ကဲမှုအောက်တွင် ရှိနေသော်လည်း လက်တွေ့တွင်မူ အစိုးရအဆင့် လုပ်ငန်းဆောင်တာများအပေါ်တွင်ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အရေးပါသည့် လုပ်ပိုင်ခွင့်အာဏာများ ရရှိထားပါသည်။[13] ၎င်းအပြင် ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးမှူးများမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုက်ရိုက်ခန့်အပ်သူ အရာရှိများ ဖြစ်နေကြပါသည်။[14] ရွေးချယ်တင်မြှောက်ခံအုပ်ချုပ်ရေးမှူးများကို ကျေးရွာအုပ်စုနှင့် ရပ်ကွက်အဆင့်တွင်သာတွေ့နိုင်ပြီး ဒေသဆိုင်ရာ ရွေးကောက်ပွဲများအတွက် ရွေးကောက်ပွဲကြီးကြပ်ရေးကော်မရှင်များ ရွေးချယ်ဖွဲ့စည်းရာတွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဩဇာသက်ရောက်မှု ရှိနေပြန်ပါသည်။ ၂၀၁၂ ခုနှစ် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ (ရပ်ကျေးဥပဒေ) အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခန့်အပ်ထားသည့် မြို့နယ်အုပ်ချုပ်ရေးမှူးက ကြီးကြပ်ရေးကော်မရှင်ကိုရွေးချယ်ဖွဲ့စည်းပေးရန် ပြဋ္ဌာန်းထားပါသည်။[15] မြန်မာနိုင်ငံရှိ အရပ်ဘက်လူထုအဖွဲ့အစည်းများက အဆိုပါဥပဒေကို ပြင်ဆင်ရန် တိုက်တွန်းလှုံ့ဆော်နေကြပြီး (ဗဟိုဦးစီးမှုမဟုတ်သည့်) ပို၍ဒေသန္တရဖြစ်ကာ ဒီမိုကရေစီကျသည့်စီမံအုပ်ချုပ်မှု ဖြစ်ပေါ်ရေးအတွက် အားပေးလှုံ့ဆော်နေကြပါသည်။[16]

ဒုတိယဗိုလ်ချုပ်ကြီးကိုကိုမှာ ကရင်ပြည်နယ်တွင်
စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ကို
ဆန့်ကျင်သည့်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟု
စွပ်စွဲခံနေရသူတစ်ဦးဖြစ်ပါသည်။

[10] Ibid.
[11] Ibid.
[12] Ibid.
[13] Nixon et al, "State and Region Governments."
[14] Ibid.
[15] The Ward or Village Tract Administration Law, Chapter IV. Available at http://www.altsean.org/Docs/Laws/Ward%20or%20Village-tract%20Administration%20Law.pdf (accessed 13 December, 2016).
[16] Sanay Lin, "Coalition Targets 'Undemocratic' Laws on Local Governance," *The Irrawaddy,* 9 December, 2014. http://www.irrawaddy.com/news/burma/coalition-targets-undemocratic-laws-local-governance.html (Accessed 3 January, 2016)

ဤသို့ စစ်တပ်ကိုသာ တိကျတင်းကျပ်စွာ တာဝန်ခံရမှု၏ဆိုးကျိုးဒဏ်ကို အရင်ဦးဆုံး ရင်ဆိုင်ရသည်မှာ မြန်မာနိုင်ငံ၏ ကာလရှည်ကြာ ပြည်တွင်းပဋိပက္ခ ရေရှည်အပြီးသတ် ချုပ်ငြိမ်းစေရေးအတွက် အရေးကြီးသည့် တိုင်းရင်းသားတန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ ဖြစ်ကြပါသည်။[17] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတစ်ဆင့် စစ်တပ်၏လက်ထဲတွင် အာဏာဗဟိုဦးစီးချုပ်ကိုင်ခွင့် ရနေခြင်းသည် နိုင်ငံတွင်းရှိ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစုများအကြား တွေ့ဆုံဆွေးနွေးရေးနှင့် နိုင်ငံရေးဆိုင်ရာ ပူးပေါင်းပါဝင်လာစေရေးတို့ တိုးတက်လာစေရန်အတွက် အဟန့်အတားဖြစ်နေပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့်တို့တွင် ပိုမိုထိရောက်စွာ အာဏာခွဲဝေရေးအပါအဝင် ဖက်ဒရယ်စနစ် တည်ဆောက်ရေးတို့မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွင်းမှ တိုင်းရင်းသား နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် တိုင်းရင်းသားအရပ်ဘက်လူထုအဖွဲ့အစည်းများ ကာလရှည်ကြာကြိုးပမ်းလာသည့် ကိစ္စရပ်များ ဖြစ်ပါသည်။[18] ထို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးနှင့် ဗဟိုထိန်းချုပ်မှုလျှော့ချရေး၊ ဒေသတွင်းအဆင့်အပါအဝင် ဒေသန္တရဆိုင်ရာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးများတွင် ဒီမိုကရေစီကျသည့် ပူးပေါင်ပါဝင်ဆောင်ရွက်မှုရှိစေရေးတို့မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ အစိတ်အပိုင်းဖြစ်ရပါမည်။

နိုင်ငံ၏နေ့စဉ်အုပ်ချုပ်ရေးအား မြန်မာစစ်တပ်မှ မောင်ပိုင်စီးထားမှုမှာ လက်နက်ကိုင်ပဋိပက္ခများ ကြီးထွားရှည်ကြာနေစေသည့် ၎င်း၏အခန်းကဏ္ဍအနေအထားအရ အထူးသဖြင့် အခက်အခဲဖြစ်စေပါသည်။ လောလောဆယ်အနေအထားတွင်လည်း မြန်မာစစ်တပ်က ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း ပြင်းထန်သည့် ထိုးစစ်ဆင်မှုများပြုလုပ်နေပြီး ပဋိပက္ခများအတွင်း ဆိုးဝါးသည့် လူ့အခွင့်အ



၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့၌ နေပြည်တော်တွင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းကိုယ်စားလှယ်များအကြား တိုက်ပွဲများအဆုံးသတ်ရေးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲသို့ တက်ရောက်သော တပ်မတော်အရာရှိများအား တွေ့ရစဉ်

*Copyright: Reuters File Photo*

ရေးချိုးဖောက်မှုများ ထပ်တစ်လဲလဲကျူးလွန်နေပါသည်။[19] အခြေအနေမှာ ပိုမိုဆိုးဝါးလာသည့်အပြင် ပြည်ထဲရေးဝန်ကြီးဟောင်းဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏ အမြင့်ဆုံးအရာရှိလည်းဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုမှာ ကရင်ပြည်နယ်တွင် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ကိုဆန့်ကျင်သည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံနေရသူတစ်ဦး ဖြစ်ပါသည်။[20] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ဒေသန္တရအဆင့်စောင့်ကြည့် ထောက်လှမ်းရန်အတွက် အသုံးချခံကိရိယာတစ်ခု ဖြစ်နေကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ စွဲဆိုချက်များအရ မြန်မာစစ်တပ်အနေဖြင့် ရပ်ရွာလူထုအကျိုးကိုလည်း စိတ်ဝင်စားမှုမရှိကြောင်းထပ်မံသက်သေပြလိုက်ခြင်းပင်ဖြစ်ပါသည်။[21]

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ပြည်ထဲရေးဝန်ကြီးဌာနက ၎င်းအနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပေါ် ထိန်းချုပ်မှုအား စွန့်လွှတ်ရန်[22] စတင်ဆွေးနွေးနေကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ် မတိုင်ခင်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် စစ်အရာရှိများအား ပုဂ္ဂိုလ်အရ ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် ကျန်နေသေးသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားမပေးမီ တစ်

[17] "Elections for Ethnic Equality? A Snapshot of Ethnic Perspectives on the 2015 Elections," *Burma Partnership,* 9 October, 2015. http://www.burmapartnership.org/2015/10/elections-for-ethnic-equality-a-snapshot-of-ethnic-perspectives-on-the-2015-elections/ (accessed 13 December, 2016)

[18] Vikram Nehru, "Myanmar's Military Keeps Firm Grip on Democratic Transition," *International Crisis Group,* 2 June, 2015.https://www.crisisgroup.org/asia/south-east-asia/myanmar/myanmar-s-peace-process-getting-political-dialogue (accessed 13 December, 2016)..

[19] "Amnesty accuses Myanmar military of 'crimes against humanity,'" *BBC,* 19 December, 2016. http://www.bbc.com/news/world-asia-38362275 (accessed 16 January, 2017

[20] "Legal Memorandum: War Crimes and Crimes Against Humanity in Eastern Myanmar," *International Human Rights Clinic at Harvard Law School,* November 2014. http://hrp.law.harvard.edu/wp-content/uploads/2014/11/2014.11.05-IHRC-Legal-Memorandum.pdf (accessed 6 January, 2017).

[21] David Scott Mathieson, "Burma's Military Milestone," *Human Rights Watch,* 30 March, 2015, https://www.hrw.org/news/2015/03/30/burmas-military-milestone (accessed 6 January, 2017).

[22] Lun Min Mang, "Home Affairs Ministry invites civilian control over departments," *The Myanmar Times,* 30 August, 2016. http://www.mmtimes.com/index.php/national-news/22213-home-affairs-ministry-invites-civilian-control-over-departments.html (accessed 13 December, 2016).

[23] "Obama to Aung San Suu Kyi: US to Lift Myanmar Sanctions," *Al-Jazeera,* 15 September, 2016. http://www.aljazeera.com/news/2016/09/myanmar-aung-san-suu-kyi-meet-barack-obama-160914141415214.html (accessed 13 December, 2016).

ပတ်အကြာတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ၎င်းတို့ ထုတ်ပြန်ထားသည့်အဆိုကို ပြန်လည်ရုပ်သိမ်းကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား ပြုပြင်ပြောင်းလဲမည်ဆိုသည့် အသံများ လည်း တိတ်ဆိတ်သွားခဲ့ပါသည်။[24]

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအား ပြုပြင်ပြောင်းလဲရန်အတွက် အရေးတကြီးလိုအပ်ချက်များ ရှိနေသော်လည်း NLD အစိုးရ အာဏာရယူခဲ့သည့် ၂၀၁၆ ခုနှစ် ဧပြီလမှစပြီး မည်သည့်လုပ်ဆောင်ချက်ကိုမျှ မတွေ့ရသေးပေ။ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ဦးဆောင်သည့် အစိုးရအဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ပင်လုံအခြေခံမှုများကို အခြေခံသော စစ်မှန်သည့်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ဖြစ်ပေါ်ရေးလုပ်ဆောင်ရန် တာဝန်ရှိပါသည်။ မြန်မာစစ်တပ်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပေါ် အလွန်အမင်းထိန်းချုပ်ထားနိုင်မှုသည် ထိုရည်မှန်းချက် ဖြစ်မြောက်ရေးကို ဆန့်ကျင်နေပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဖွဲ့စည်းတည်ဆောက်ပုံကို လွှတ်တော်မှ ပြန်လည်သုံးသပ်ပြီး ဒီမိုကရေစီစံနှုန်းနှင့်ကိုက်ညီစွာ အရပ်သားထိန်းချုပ်မှုအောက်တွင် ရှိစေရေးအတွက် ဥပဒေအရ ပြင်ဆင်ရန်လိုအပ်ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဒီမိုကရေစီစံနှုန်းနှင့်အညီ အရပ်သားထိန်းချုပ်မှုအောက်တွင် ထားရှိရေးနှင့် ဗဟိုထိန်းချုပ်မှုလျှော့ချရေး၊ ဒေသန္တရအဆင့် အုပ်ချုပ်ရေးအား ဖက်ဒရယ်စနစ် စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီစွာ ဒီမိုကရေစီကျကျ စီမံအုပ်ချုပ်မှု ဖြစ်စေရေးတို့အပါအဝင် အားကောင်းသော ပြုပြင်ပြောင်းလဲရေးများ စတင်ဆောင်ရွက်ခြင်းသည်သာ မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် လမ်းကြောင်းမှန် ဖြစ်ပါသည်။

[24] Mratt Kyaw Thu, "Home Affairs Ministry walks back civil service 'reforms'," *Frontier Myanmar,* 13 October, 2016. http://frontiermyanmar.net/en/home-affairs-ministry-walks-back-civil-service-reforms (accessed 13 December, 2016).

## အကြံပြုတိုက်တွန်းချက်များ

- ပြည်ထဲရေးဝန်ကြီးဌာနကို စစ်တပ်မှ ထိန်းချုပ်ထားခြင်းအား ဖယ်ရှားနိုင်ရန်အတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရန်၊
- သမိုင်းကြောင်းအရ ချိုးနှိမ်ဆက်ဆံခံခဲ့ကြရသော တိုင်းရင်းသားလူ့အဖွဲ့အစည်းများသည် ၎င်းတို့၏ လူ့အဖွဲ့အစည်းများအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိစေနိုင်ရန်အတွက် ဖက်ဒရယ်အုပ်ချုပ်ရေး ဖွဲ့စည်းတည်ဆောက်ပုံနှင့် ဒီမိုကရေစီစံနှုန်းများနှင့် အံဝင်ခွင်ကျဖြစ်သည့် စီမံအုပ်ချုပ်မှုဖြစ်လာစေရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား ဗဟိုထိန်းချုပ်မှုလျှော့ချကာ အရပ်ဘက်အုပ်ချုပ်မှုအောက်တွင် ပြင်ဆင်ထားရှိရန် နှင့်
- ရပ်ရွာလူထုဦးဆောင်ပါဝင်ဆောင်ရွက်သည့် ဒီမိုကရေစီကျင့်စဉ်အား အားပေးဖော်ဆောင်ရန်အတွက် ဗဟိုချုပ်ကိုင်မှုအားလျှော့ချကာ ဒေသခံရပ်ရွာလူထုမှ မြို့နယ်နှင့် ခရိုင်အဆင့် အုပ်ချုပ်ရေးမှူးများကို ဒီမိုကရေစီကျကျ ရွေးကောက်တင်မြှောက်ခြင်းအား အာမခံသည့်စီမံအုပ်ချုပ်ပုံကို ရရှိစေရေးအတွက် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြုပြင်ပြောင်းလဲရန်။


**ထပ်မံသိရှိလိုပါကဆက်သွယ်ရန်**

အောင်ခိုင်မင်း၊ ယာယီတာဝန်ခံ၊ ရှေ့ပြေးအသံအဖွဲ့

akm@progressive-voice.org | info@progressive-voice.org


"ရှေ့ပြေးအသံ" သို့မဟုတ် အင်္ဂလိပ်လို "Progressive Voice" သည် မြန်မာနိုင်ငံ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးအတွက် စည်းရုံးလှုံ့ဆော်ရေးလုပ်ဆောင်သော အာရှ-ပစိဖိတ်ဒေသတွင်းမှ အဖွဲ့များဖြင့် ၂၀၀၆ ခုနှစ်တွင် ကွန်ရက်အဖြစ် ချိတ်ဆက်ဖွဲ့စည်းခဲ့သည့် မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ (Burma Partnership) မှ ပေါက်ဖွားလာသည့်အဖွဲ့ဖြစ်ပါသည်။

Visit us: http://progressivevoicemyanmar.org/ | Facebook: www.facebook.com/progressivevoice/ |Twitter: @PVamplify